မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 13 /Issue 8 / August /2020

## Holy Bible



**The Word of God**
**Read it daily,**
**Study it always,**
**Obey it faithfully.**

**Bless are those who hear the words of God and keep it.**
**(Luke11:28)**

ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို နား၍ ကျင့်စောင့်သောသူသည်
မြတ်စွာသောမင်္ဂလာ ရှိသည်။
(ရှင်လုကာ၊၁၁း၂၈)

## 2020 AUGUST

| Sun | Mon | Tue | Wed | Thu | Fri | Sat |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | 31 | | | | | |

***August 2- 2020 … Holy Communion***
***August 16- 2020 … Bible Sunday***
***August 16- 2020 … Worship through meditation with music***

++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++

## ***VIRTUAL CHURCH SERVICE***

### ***Watch at home!***



***BCF online Worship Service is available***

***at bcfla.org***

***Starting at 2:00PM every Sunday.***

***To watch previous Virtual Sunday Service select image gallery tab.***

***BCF Worship Service will only be available online until further notice!!***

***ALL HEALTHCARE WORKERS***




***We appreciate and thank you for***
***all your hard works***
***in the time of Corona Virus Pandemic.***







# Bible Sunday
# **သမ္မာကျမ်းစာတနင်္ဂနွေနေ့**
# August16, 2020

ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ကောင်းကင်ဘုံ၌
အစဉ်အမြဲတည်ပါ၏။(ဆာလံ၊၁၁၉း၈၉/Psalm119:89)

ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို နာခံ၍ကျင့်စောင့်သောသူသည်
မြတ်စွာသောမင်္ဂလာရှိ၏။(လု၊၁၁း၂၈/Luke11:28)

သမ္မာကျမ်းစာသည် ထာဝရဘုရားသခင်၏ နှုတ်တော်မှတဆင့် လူတို့အား မိန့်ကြားတော်မူသောစကားအမှန် ဖြစ်ပါသောကြောင့် **'ဘုရားသခင်၏နှုတ်ကပတ်တော် (သို့) ဘုရားသခင်၏နှုတ်ကပတ်တရား'** ဟုခေါ်ဆိုသည်။ **၁သက်၊၂း၁၃/1Thessalonians2:13**

**(၂တိ၊ ၃း၁၆/2 Timothy 3:16) အရ၊ ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသော အားဖြင့် ဖြစ်ကြောင်း** သိရသည်။ သမ္မာကျမ်းစာတွင် ဘုရားသခင်၏ နှုတ်တော်ထွက်စကားများ ဖြစ်သော ဖန်ဆင်းခြင်း၊ လွတ်မြောက်ခြင်း၊ ပညတ်တော်များ၊ သက်သေခံတော်မူချက်များ၊ နမိတ်လက္ခဏာများ၊ အနာဂတ္တိစကားများ၊ နည်းဥပဒေသများ၊ ဩဝါဒများ၊ မေရှိယသခင်အကြောင်း၊ ကမ္ဘာဦးအစမှအဆုံးထိ ဖြစ်ပျက်ခဲ့ပြီးသော၊ ယခုဖြစ်ပျက်နေသော အကြောင်းအရာများနှင့် နောင်ဖြစ်လာမည့် ရူပါရုံ တို့ကို ဖော်ညွှန်းသောစာအုပ် ဖြစ်သည်။ ဘာသာရေးနှင့်ပတ်သက်သော အခြားစာအုပ်များထက် သမ္မာကျမ်းစာသည် တုနှိုင်းလို့မရသော အကောင်းဆုံးစာအုပ် တစ်အုပ် ဖြစ်၏။

သမ္မာကျမ်းစာသည် လူတို့အား ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းကို ပေးသည်။

သမ္မာကျမ်းက 'ဘုရားသခင်သည် အလင်း ဖြစ်တော်မူကြောင်း' ဖွင့်ပြ၍ နှုတ်ကပတ်တော်ကိုရသောသူသည် မှောင်မိုက်၌ မသွားမလာ။

နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက် ဖြစ်၍ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။ (ဆာလံ၊၁၁၉း၁၀၅ / Psalm119:105)

ကျွန်ုပ်တို့သည် လူ့ညာဏ်ဖြင့် မမှီနိုင်သော သမ္မာကျမ်းစာကို မည်ကဲ့သို့သိမြင်ကြောင်း ထင်ရာမြင်ရာတွေးတော၍ ဝေဖန် ဆုံးဖြတ်ဖို့ရန မဟုတ်ပါ။

သမ္မာကျမ်းစာတွင်ပါရှိသော ခပ်သိမ်းသောအရာတို့ကို ရှင်းလင်းစွာသိမြင်နိုင်ဖို့ရန် **'သမ္မာတရားနှင့်ပြည့်စုံ သောသန့်ရှင်းသောဝိညာဉ်တော်'** ၏ ပြသသွန်သင်တော်မူကို ခံယူကြရပါမည်။

**ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည် ဖြစ်၍၊ အသက်နှင့်စိတ်ဝိညာဉ်ကိုငင်း၊ အရိုးဆစ်နှင့်ခြင်ဆီကိုငင်း ပိုင်ခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏။(ဟေဗြဲ၊ ၄း၁၂/Hebrews 4:12)**

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို ဘုရားသခင်၏နှုတ်ကပတ်တရားတော် အမှန်ဖြစ်ကြောင်းကို အကြွင်းမဲ့ယုံကြည်လျက် စိတ်ချစွာ ယုံကြည်အားကိုးပါ။ လေးစားမြတ်နိုးပါ။ လေ့လာသင်ကြားပါ။ ခံယူပါ။ နာခံ၍လိုက်လျှောက်ပါ။

သမ္မာကျမ်းစာကို စေ့စေ့ဖတ်ရှုလေ့လာ၍ တရားတော်ကိုသိသောသူသည် ဘုရားသခင်ကိုသိသောညာဏ်တိုးပွါး သည်သာမက အသက်တာကိုလည်း ပြုပြင် ပြောင်းလဲစေသည်။ ထို့ကြောင့်၊ ဘုရားသခင်၏ ကျေးဇူးတော်ကို အစဉ်မပြတ် ချီးမွမ်းရ၏။ နှုတ်ကပတ်တော်သည် ရွှေထက်မကများစွာသောရွှေစင်ထက် နှစ်သက်ဖွယ်ဖြစ်၍ ပျားရည်ထက်မက ပျားလပို့ထက် ချိုပါ၏။ ထိုနှုတ်ကပတ်တရားတော်ကိုအစဉ်အမြဲသတိရ၍ တရားစောင့်ခြင်း ရှိလျှင် အကျိုးကျေးဇူးများစွာခံစားရမည်။

- **ထာဝရဘုရား၏တရားတော်သည် .. စုံလင်သည် ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏။**
- **ထာဝရဘုရား၏သက်သေခံတော်မူချက်သည် .. ဟုတ်မှန်သည် ဖြစ်၍ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်၏။**
- **ထာဝရဘုရား၏နည်းဥပဒေသတို့သည် .. ဖြောင့်မတ်သည် ဖြစ်၍ စိတ်နှလုံးကို ရွှင်လန်းစေတတ်၏။**
- **ထာဝရဘုရား၏ပညတ်တော်သည် .. စင်ကြယ်သည် ဖြစ်၍ မျက်စိကို ရှင်းလင်းစေတတ်၏။**
- **ထာဝရဘုရားကိုကြောက် ရွံ့ခြင်းသဘောသည် .. သန့်ရှင်းသည် ဖြစ်၍ ကာလအစဉ်အမြဲ တည်၏။**
- **ထာဝရဘုရား၏စီရင်တော်မူချက် တို့သည် .. သစ္စာတရားနှင့် ညီ၍ တညီတညွတ်တည်း ဖြောင့်မတ်ကြ၏။ (ဆာလံ၊ ၁၉း၇–၉/Psalm 19:7-9)**

သမ္မာကျမ်းစာသည် ဘုရားနှုတ်ကပတ်တော်ဖြစ်၍ ၎င်းကို လျစ်လျူရှုခြင်းသည် ဘုရားသခင်ကို မထီမဲ့မြင် ပြုခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို သိကျွမ်းသောအသက်တာ အားဖြင့် ဘုရားသခင်၏ အံ့ဩဘွယ်သော ဘုန်းတန်ခိုးတော်၊ ထူးမြတ်သောနာမတော်နှင့် ကောင်းမြတ်သော ဂုဏ်တော်အပေါင်း တို့ကို သက်သေထူလျက် ဘုရားရှင်၏ဘုန်းတော်ထင်ရှားဖို့ရန် ဘုရားသခင် အလိုတော်ရှိ၏။

ထိုကြောင့်၊ ကမ္ဘာမြေပေါ်ရှိ တိုင်းနိုင်ငံအသီးသီးမှ လူမျိုးတကာတို့ နှုတ်ကပတ်တော် သမ္မာကျမ်းစာကို ဖတ်ရှုလေ့လာ ၍၊ ရေးထားသမျှအတိုင်းလိုက်လျှောက်နိုင်ရန် မူရင်းရေးထားသော Hebrew, Aramaic and Greek ဘာသာတို့မှ သက်ဆိုင်ရာ မိမိတို့ လူမျိုး ဘာသာစကား အသီးသီးဖြင့် ပြန်လည်၍ ရေးသား ထုတ်ဝေ ခဲ့ကြသည်မှာ ၂၀၁၈ခုနှစ်မှတ်တမ်းအရ အောက်ပါအတိုင်းဖြစ်သည်။

| | ကမ္ဘာတဝှမ်းလုံး | မြန်မာနိုင်ငံ |
|---|---|---|
| လူဦးရေ | ၇၆၅၀ သန်း | ၅၂ သန်း |
| ဘာသာစကား | ၇၃၅၀ | ၂၀၀ |
| ခရစ်ယာန် | ၃၉.၉% | ၆.၃% |
| ကျမ်းတစ်အုပ်လုံး | ၆၉၂ | ၄၅ |
| ဓမ္မသစ်ကျမ်း | ၁၅၄၇ | ၁၇ |
| ခရစ်ဝင်ကျမ်းနှင့် ဩဝါဒစာစောင် | ၁၁၂၃ | ၁၈ |
| စုစုပေါင်း | ၃၃၆၂ | ၈၀ |

**ဤကမ္ဘာ မတည်မရှိမှီ ငါတို့ကို ယေရှုခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ၊ ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌ ခပ်သိမ်းသောဓမ္မမင်္ဂလာ တို့ကို ခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့သခင် ယေရှုခရစ်၏ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ .. အာမင်။ (ဖေက်၊ ၁း၃/Ephesians 1:3)**




**ထာဝရဘုရားသည် ပညာကိုပေးတော်မူတတ်၏။**
**နားလည်နိုင်သောညာဏ်သည် နှုတ်ကပတ်တော်အားဖြင့်သာ ဖြစ်တတ်၏။** သုတ္တံကျမ်း၊ ၂း၆

## နှုတ်ကပတ်တော်သမ္မာကျမ်းစာကို ဖတ်ရှုလေ့လာခြင်း၏ အကျိုးကျေးဇူးများ

---

၁။ ထာဝရဘုရားသခင်သည် နိစ္စထာဝရဘုရား ဖြစ်တော်မူကြောင်းကို သိရှိရပါသည်။ (ဟေရှာယ၊၄၆း၉–၁၁)

၂။ ထာဝရဘုရားသခင်၏ ဖန်ဆင်းတော်မူခြင်း အကြောင်းကို သိရှိရပါသည်။ (ကမ္ဘာဦး၊၁–၂ )

၃။ ထာဝရဘုရားသခင်၏ ဗျာဒိတ်ထားတော်မူသော အနာဂတ္တိစကားများကို သိရှိရပါသည်။ (၂တိ၊၃း၁၆–၁၇)

၄။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာတော်ဖြစ်ကြောင်း သိရှိရပါသည်။ (ယော၊၃း၁၆ ။ ၁ယော၊၄း၈)

၅။ ယေရှုခရစ်တော်အကြောင်း ပရောဖက်ပြုချက်များကို သိရှိရပါသည်။ (လုကာ၊၂၄း၄၄)

၆။ ယေရှုခရစ်တော်၏ ကယ်တင်ခြင်းတရားဟောပြောရန် အထောက်အကူပြုသည်။ (ဓမ္မသစ်ကျမ်း)

၇။ နှုတ်ကပတ်တော်သမ္မာကျမ်းစာသည် မပျောက်မပျက်နိုင် အစဉ်အမြဲတည်သည်။ (မာကု၊၁၃း၁၀)

၈။ ယေရှုခရစ်တော်အားဖြင့် ထာဝရအသက်ရနိုင်ကြောင်း သိနားလည်ရသည်။ (ယောဟန်၊၆း )

၉။ တခဏတာမဟုတ် ထာဝရအမြင်နှင့် အသက်ရှင်တတ်ရန် တွန်းအားပေးသည်။ (၂ကော၊၄း၁၇)

၁၀။ မှားယွင်းသောအယူဝါဒများကို ပိုင်းခြားသိနိုင်သည်။ (၂တိ၊၄း၃–၄)

၁၁။ မှန်ကန်သောအကျင့်နှင့် အသက်ရှင်ရန် နှိုးဆော်ပေးသည်။ (ကောလောသဲ၊၃း၂–၄)

၁၂။ ကျမ်းစာတစ်အုပ်လုံး အမှန်ဖြစ်ကြောင်း နားလည်ရသည်။ (တမန်တော်၊၂၀း၂၇–၂၈)

၁၃။ ကောင်းကြီးမင်္ဂလာကို ခံစားရ၏။ (ဗျာဒိတ်၊၁း၂–၃)

၁၄။ ယေရှုခရစ်တော်၏ လူသားဘဝ အကြောင်း အသေးစိတ် သိရ၏။ (ခရစ်ဝင်ကျမ်း ၄စောင်)

၁၅။ ကောင်ကင်သစ်နှင့်မြေကြီးသစ်အကြောင်း သိခွင့်ရသည်။ (ဗျာဒိတ်၊၂၁)

++++++++++++++++++++++++++++++++++++++++++++++++++

# ဤသည်ကား မှန်သောသစ္စာစကား

---

ယောဘဝတ္ထု၊ ၂၂း၂၀–၃၀

ကျွန်ုပ်တို့သည် ဘုရားသခင်ကို သိမှတ်၍ နှုတ်ကပါတ်တော် အတိုင်း စေ့စေ့လိုက်လျှောက်ခြင်း အလို့ငှါ၊ ကျွန်ုပ်တို့၏ စိတ်နှလုံးကို စစ်ကြော၍၊ အပြစ်ဒုစရိုက်မှ စစ်မှန်သောနောင်တဖြင့် သန့်ရှင်းစင်ကြယ်ပြီးသောသူဖြစ်လျှင် ..

❖ ဘုရားသခင်နှင့် အကျွမ်းဝင်၍ မိဿဟာယဖွဲ့လော့။ ထိုသို့ပြုမှ ကောင်းစားခြင်းသို့ ရောက်ရလိမ့်မည်။

❖ နှုတ်တော်ထွက်တရားကို ခံယူ၍ စကားတော်ကို နှလုံး၌ သွင်းပါလော့။ အနန္တတန်ခိုးရှင်ထံတော်သို့ ပြန်လာလျှင် .. တည်ဆောက်ခြင်းရှိလိမ့်မည်။

❖ သင့်အိမ်မှ ဒုစရိုက်ကို ပယ်ရှားလျှင် .. ရွှေကို မြေမှုန့်ကဲ့သို့၎င်း၊ ဩဖိရရွှေကို မြစ်၌ရှိသော ကျောက်စရစ်ကဲ့သို့၎င်း၊ သိုထားရလိမ့်မည်။

ထိုအခါ၊ အနန္တတန်ခိုးရှင်သည် ..

❖ သင်၌ရွှေရတနာ၊ သင်သုံးရသောငွေဘဏ္ဍာဖြစ်တော် မူလိမ့်မည်။

❖ သင်သည် အနန္တတန်ခိုးရှင်၌ မွေ့လျော်၍ ဘုရားသခင်ကို ဖူးမြော်ရသောအခွင့် ရှိလိမ့်မည်။

❖ သင်ဆုတောင်းသောအခါ .. နားထောင်တော်မူမည်။

❖ သစ္စာဂတိထားသည်အတိုင်း၊ သစ္စာဝတ်ဖြေရသောအခွင့် ရှိလိမ့်မည်။

❖ သင်ကြံစည်သော အကြံအစည်သည် ထမြောက်၍၊ သင်သွားသောလမ်း၌ ရောင်ခြည်ထွန်းလိမ့်မည်။

❖ သူတပါးတို့သည် နှိမ့်ချခြင်းကိုခံရသောအခါ သင်ကချီးမြှောက်သောအခွင့်ရှိသည်ဟု ဆိုရလိမ့်မည်။

❖ စိတ်နှိမ့်ချသော သူကို ကယ်တင်တော်မူလိမ့်မည်။

❖ အပြစ်မကင်းသော သူကိုပင် ကယ်နှုတ်တော်မူလိမ့်မည်။

❖ သင်ပြုသောအမှုသန့်ရှင်းသောအားဖြင့် သူသည် ကယ်တင်ခြင်းသို့ရောက်လိမ့်။